# [Windows Media Player 12 မှာ Lyrics Plugin သုံးပြီး မြန်မာသီချင်းစာသားများထည့်ခြင်း]

Windows Media Player 11 မှာဆိုရင် Lyrics Plugin သုံးပြီးသီချင်းစာသားများထည့်ပြီး သီချင်းနားထောင်ရင်း သီချင်းစာသားလိုက်ဆိုရင်း။ နောက် သီချင်းတစ်ပုဒ်ဖွင့်ပြီး ကာရာအိုကေ စာတမ်းထိုးလည်းလုပ်လို့ရတယ် ခု 12 မှာ ကာရာအိုကေ စာတမ်းထိုးတော့ လုပ်လို့မရတော့ဘူး (ကျွန်တော်မသိ ဘယ်လိုလုပ်ရလဲ)။ အခု Windows Media Player 12 မှာ ကိုယ်ကြိုက်တဲ့သီချင်းများ နားထောင်ရင်း စာသားလည်းလိုက်ဆိုချင်တယ်ဆိုရင် Lyrics Plugin သုံးရပါတယ် မြန်မာသီချင်းဆိုရင် ကိုယ်ကိုတိုင် သီချင်းစာသားထည့်ရပါမယ် E သီချင်းတွေဆိုရင်တော့ ဖွင့်လိုက်တာနဲ့ သီချင်းစာသားပါပြီးသားပါပဲ။ Lyrics Plugin ကို ဒီ [http://www.lyricsplugin.com/](http://www.lyricsplugin.com/) မှာသွားပြီး Lyrics Plugin for Windows Media Player လေးကို Download လုပ်ပြီး Install လုပ်လိုက်ပါ။

Install လုပ်ပြီးရင် Windows Media Player 12 ကိုဖွင့်ပြီး Menu Bar က Tools > Plug-ins > Lyrics Plugin (သို့) View > Plug-ins > Lyrics Plugin ကို နှိပ်လိုက်ပါ




Menu Bar မတွေ့ရဘူးဆိုရင် Organize > Layout > Show Menu Bar (သို့) Keyboard Key ALT ကိုနှိပ်လိုက်ပါ Menu Bar ပေါ်လာပါလိမ့်မယ်




သီချင်းစာသားထည့်မယ်ဆိုရင် ပထမဦးဆုံး ကိုယ်သီချင်းစာသားထည့်မဲ့ သီချင်းတစ်ပုဒ်ဖွင့်လိုက်ပါ ကျွန်တော်ကတော့ ရဲလေးသီချင်းတစ်ပုဒ်ဖွင့်လိုက်တယ်



နောက် View > Now Playing (သို့) Switch to Now Playing ကို နှိပ်လိုက်ပါ



Now Playing mode ပေါ်လာပြီဆိုရင် Edit ကို နှိပ်လိုက်ပါ



နောက် Edit Windows ပေါ်လာပြီဆိုရင် စာသားရေးထည့် (သို့) စားသားရေးထားပြီးသားဆိုရင် Copy / Paste ထည့်ပါ



ထည့်ပြီးရင် Save Changes ကိုနှိပ်လိုက်ပါ ဒါဆို သီချင်းစားသားပေါ်လာပါပြီး နောက် ကိုယ်သီချင်းစာသားထည့်ထားတဲ့ သီချင်းဖွင့်ရင် Now Playing mode နဲ့ ဖွင့်ပါ အောက်ကပုံကြည့်လိုက်ပါ







နောက် သီချင်းစာသားရဲ့ Text Color / Background Color တွေပြောင်းချင်ရင် Configure ကိုနှိပ်လိုက်ပါ




Configure Windows ပေါ်လာရင် အဲ့မှာလိုသလိုပြောင်းပြီး Save Changes ကိုနှိပ်လိုက်ပါ




အဲ့ဒါပါပဲခင်ဗျား အပေါ်က ရဲလေးသီချင်းပါတယ် ရဲလေး ရဲ့ တတိယကာရန် Album သီချင်းစာအုပ်လိုချင်ရင်ဒီမှာ Download လုပ်လိုက်ပါ နောက်တစ်ခုက ဒီ Lyrics Plugin e သီချင်းဆိုရင် ထည့်စရာမလိုပါဘူး တစ်ခါတည်းလာတယ် အောက်ပုံကြည့်ပါ





Windows Media Player Lyrics Plugin အကြောင်းကို [ဒီမှာ ](#) ရေးဖူးပါတယ် အဲ့ဒါပါပဲခင်ဗျား ကျေးဇူးတင်ပါတယ်။




This posting includes an audio/video/photo media file: [Download Now](#)